# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

PTTEP International Limited ၏ တနင်္သာရီတိုင်းဒေသကြီး၊
ကမ်းလွန်ရေနံလုပ်ကွက် Block M-9 နှင့် M-11တွင်
ဓာတ်ငွေ့တူးဖော်ရေး စီမံကိန်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်
(Environmental Management Plan - EMP) ၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate-ECC)

ရက်စွဲ၊ ၂၀၂၃ခုနှစ် မတ်လ ၃၁ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၀၃၁ ) ရက်စွဲ။ ၂၀၂၃ခုနှစ်၊ မတ်လ ၃၁ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

(က) **စီမံကိန်းအဆိုပြုသူ** - PTTEP International Limited

(ခ) **ဆက်သွယ်ရန် လိပ်စာ** - ဗန်းတေ့ချ်တာဝါ၊ အမှတ် (၆၂၃) ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
+၉၅(၁) ၆၅၂၇၀၀၊ ၆၆၇၇၈၃

(ဂ) **စီမံကိန်းအမျိုးအစား** - ဓာတ်ကကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေးစီမံကိန်း

(ဃ) **စီမံကိန်းကာလ** - အခွင့်အမိန့်အရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ

(င) **စီမံကိန်း၏ အရွယ်အစား** - ဓာတ်ကကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေးစီမံကိန်းလုပ်ကွက်

(စ) **စီမံကိန်းတည်နေရာ** - မုတ္တမကွေ့၊ ရန်ကုန်မှ ၂၂၅ ကီလိုမီတာခန့်နှင့် မြန်မာ့ ကမ်းရိုးတန်းမှ အနောက်ဘက်သို့ ၂၀၇ ကီလိုမီတာခန့်

(ဆ) **ECC သက်တမ်း** - (၅)နှစ်
စတင်ထုတ်ပေးရက် - ၂၇- ၇- ၂၀၂၂
သက်တမ်းကုန်ဆုံးရက် - ၂၆- ၇- ၂၀၂၇

(ဇ) **အတည်ပြုအစီရင်ခံစာ** - မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၁၈-၆-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ဥညမ-(၁၅) ၂/၆ (၁၆၈၆)၂၀၂၀

## စည်းကမ်းချက်များသတ်မှတ်ခြင်း

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

## PTTEP International Limited ၏ ဓာတ်ငွေ့ ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေး စီမံကိန်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ PTTEP International Limited က တနင်္သာရီတိုင်းဒေသကြီး၊ ကမ်းလွန်ရေနံလုပ်ကွက် Block M-9 နှင့် M-11 တွင် ဓာတ်ငွေ့ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေး စီမံကိန်းလုပ်ငန်းအတွက် ၁၈-၆-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ဥညမ-(၁၅) ၂/၆ (၁၆၈၆)၂၀၂၀ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် EMP ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** PTTEP International Limited၊ ဗန်းတော့ချ်တာဝါ၊ အမှတ် (၆၂၃)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖုန်း +၉၅(၁) ၆၅၂၇၀၀၊ ၆၆၇၇၈၃ ဖြစ်ပါသည်။

၃။ **စီမံကိန်း၏အစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းသည် ဓာတ်ငွေ့ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းစီမံကိန်းအတွက် အဆင့် 1 A နှင့် 1 B တို့ပါဝင်ပြီး ဓာတ်ငွေ့အဆင့် 1A ကမ်းလွန်တူးဖော်ရေးတွင် ဝန်ထမ်းအဆောင်များနှင့်ပေါင်းစပ်ဖွဲ့စည်းထားသော ထုတ်လုပ်ရေးစင် (ZPQ)၊ တံတားဖြင့်သွယ်တန်းဆက်သွယ်ထားသောအဓိကတူးဖော်ရေးစင် WP1၊ တူးဖော်ရေးစင် (၂)စင် WP2 နှင့် WP3၊ ဆက်စပ်ပိုက်လိုင်းများ၊ အချင်း (၂၈)လက်မ၊ အရှည် (၂၃၀) ကီလိုမီတာရှိသောကမ်းလွန်သဘာဝဓာတ်ငွေ့ ပို့ဆောင်ရေးပိုက်လိုင်းနှင့် အဆင့် 1B တွင်တူးဖော်ရေးစင် WP4၊ WP5၊ WP6၊ WP7၊ ဆက်စပ်ပိုက်လိုင်းများပါဝင်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** ဓာတ်ငွေ့ အဆင့် 1A ကမ်းလွန်တူးဖော်ရေးတွင် ဝန်ထမ်းအဆောင်များနှင့် ပေါင်းစပ်ဖွဲ့စည်းထားသောထုတ်လုပ်ရေးစင် (ZPQ)၊ တံတားဖြင့်သွယ်တန်းဆက်သွယ်ထားသော အဓိကတူးဖော်ရေးစင် WP1၊ တူးဖော်ရေးစင် (၂)စင် WP2 နှင့် WP3၊ ဆက်စပ်ပိုက်လိုင်းများ၊ အချင်း(၂၈)လက်မ၊ အရှည်(၂၃၀)ကီလိုမီတာအရှည်ရှိသော ကမ်းလွန်သဘာဝဓာတ်ငွေ့ ပို့ဆောင်ရေးပိုက်လိုင်းနှင့် အဆင့် 1B တွင်တူးဖော်ရေးစင် WP4၊ WP5၊ WP6၊ WP7၊ ဆက်စပ်ပိုက်လိုင်းတို့ကိုအသုံးပြုမည်ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မုတ္တမကွေ့၊ ရန်ကုန်မှ (၂၂၅)ကီလိုမီတာခန့်နှင့် မြန်မာ့ကမ်းရိုးတန်းမှ အနောက်ဘက်သို့ (၂၀၇)ကီလိုမီတာခန့်တွင်တည်ရှိပါသည်။





Figure 1: စီမံကိန်းတည်နေရာပြမြေပုံ





**Figure 2: SCHEMATIC PIPELINES & PLATFORM OF Zawtika Phase 1A**





**Figure 3: SCHEMATIC PIPELINES & PLATFORM OF Zawtika Phase 1B**





Figure 4: လုပ်ငန်းပြုလုပ်ဆောင်ရွက်ပုံအဆင့်ဆင့်

နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၈။ စီမံကိန်းအဆိုပြုသူက ဇောတိကကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေးစီမံကိန်းအတွက် မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၁၈-၆-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ဥညမ-(၁၅) ၂/၆ (၁၆၈၆)၂၀၂၀ ဖြင့်တင်ပြလာသည့် EMP တွင်ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** လုပ်ငန်းစဉ်အရ wellhead platforms များမှထွက်ရှိလာသော well fluids များအား ZPQ သို့ပိုက်လိုင်းများမှတစ်ဆင့်ပေးပို့၍ ၎င်းတို့ကို ပင်လယ်ရေဖြင့်အအေးခံပါသည်။ WP1 မှ well fluids များအားအခြားသော well fluids များနှင့်ရောနှော၍ လေအေးပေးစက်စနစ်ဖြင့် အအေးခံပါသည်။ ဆက်လက်၍ well fluids များအား wellhead platforms များမှတစ်ဆင့် ဇောတိကကမ်းလွန်ရေနံထုတ်လုပ်ရေးပလက်ဖောင်းသို့ လွှဲပြောင်းမည်ဖြစ်ပြီး ၎င်းတို့ကို production separators တွင်ဖြတ်သန်းစေမည်ဖြစ်သည်။ Separators မှခွဲထုတ်ထားသောဓာတ်ငွေ့များကို ပထမအဆင့် gas compressor တွင်ဖိသိပ်ပါသည်။ Dry gas များကိုအအေးခံ၍ ဒုတိယအဆင့် gas compressor တွင်ဖိသိပ်ပြီး (၂၈)လက်မရှိသောပိုက်လိုင်းဖြင့် ကုန်းတွင်းသို့ပို့ဆောင်ပါသည်။ အချို့သော Dry gas များအား အခြားသောလုပ်ငန်းစဉ်များအတွက် လောင်စာအဖြစ်အသုံးပြုရန်နှင့် ZPQ ဓာတ်အားထုတ်လုပ်ရန်အတွက် ပံ့ပိုးပေးပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေဝင်လေထွက်အဆက်မပြတ်ရှိစေရေးဆောင်ရွက်ရန်နှင့် ပုံမှန်မဟုတ်သော Flaring ပြုလုပ်ခြင်းကိုရှောင်ရှားရန်၊

(၂) ဓာတ်ငွေ့မီးတောက်လောင်မှုကိုလျှော့ချရန်အတွက် ဓာတ်ငွေ့အပိုသုံးစွဲမှုကို လျှော့ချရန်၊

(၃) အရေးပေါ်အခြေအနေ (သို့မဟုတ်) စက်ပစ္စည်းချို့ယွင်းမှုဖြစ်ပါက ပိုနေသော ဓာတ်ငွေ့များကို မီးတောက်ဓာတ်ငွေ့စနစ်သို့ပို့ဆောင်ရန်၊

(၄) Flaring ဖြစ်ရပ်အားလုံးအတွက် ဓာတ်ငွေ့မီးတောက်၏ပမာဏကို မှတ်တမ်း တင်ရန်၊

(၅) စက်ပစ္စည်းပြုပြင်သည့်အချိန်ဇယားထားရှိရန်၊ သတ်မှတ်ထားသည့်လောင်ကျွမ်း နှုန်းများအရ စက်ပစ္စည်းများအားပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်ရန်၊

(၆) စီမံကိန်းမှဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို စောင့်ကြပ်ကြည့်ရှုရန်နှင့် နှစ်စဉ် ထုတ်လွှတ်သည့်ညစ်ညမ်းမှုများကို စစ်တမ်းပြုလုပ်ရန်။

(ဃ) **<u>ရေအရည်အသွေးစီမံခန့်ခွဲမှု</u>**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပင်လယ်ရေနှင့်နုန်းအရည်အသွေး တိုင်းတာခြင်းလုပ်ငန်းများအား စောင့်ကြပ် ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်ပါအတိုင်းဆောင်ရွက်ရန်၊

(၂) စီမံကိန်းသင်္ဘောများအနေဖြင့် ပင်လယ်ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းကမ်း MARPOL 73/ 78 အားလိုက်နာဆောင်ရွက်ရန်နှင့် PTTEP ကုမ္ပဏီ၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်မှ သတ်မှတ်ချက်များနှင့်အညီစီမံကိန်းရေယာဉ် များကိုလည်းပတ်ဆောင်ရွက်ရန်၊

(၃) မိလ္လာရေဆိုးများအား အနီးဆုံးကမ်းမှ ရေမိုင် ၁၂ မိုင် (၂၂.၂၂ ကီလိုမီတာ) အကွာအဝေးကျော်သို့သယ်ယူမစွန့်ထုတ်မီ စွန့်ပစ်ရေသန့်စင်ရေးစနစ်ဖြင့် သန့်စင်ရန်၊ စွန့်ထုတ်ရေများအား MARPLO ၇၃/၇၈ ၏သတ်မှတ်ချက်များ နှင့်အညီစွန့်ပစ်ရန်၊

(၄) ထွက်လာသောရေများကို ပင်လယ်ထဲသို့မစွန့်ပစ်မီ သန့်စင်သည့်စနစ်သို့ ပို့ဆောင်ရန်နှင့် သန့်စင်ထားသောရေတွင် ဆီပါဝင်မှုနှေ့စဉ် 42 mg/l ထက် ကျော်လွန်မှုမရှိစေရေး (သို့မဟုတ်) EQEGs အရလစဉ်ပျမ်းမျှ 29mg/l ထက် ပိုမိုမရှိစေရေး ဆောင်ရွက်ရန်၊

(၅) ပင်လယ်သို့မစွန့်ပစ်မီ ရေ (သို့မဟုတ်) ရေဆိုးများတွင် ရေနံနှင့်ဆီပါဝင်မှုကို စောင့်ကြည့်ရန်အတွက် Total Petroleum Hydrocarbon (TPH) onboard analyzer ကိုအသုံးပြုရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးစီမံခန့်ခွဲမှု (OSHA၊ United Stated Department of Labour Regulation။ (Standard- 29 CFR) Standard Number 1910.95 နှင့်လုပ်ငန်းခွင်ဆိုင်ရာဆူညံသံသတ်မှတ်ချက်တို့နှင့်အညီ စိစစ်ဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းသင်္ဘောများအား ပင်လယ်ရေကြောင်းသွားလာရေးဆိုင်ရာစည်းကမ်း MARPOL 73/ 78 အားလိုက်နာဆောင်ရွက်ရန်နှင့် PTTEP ၏စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်မှ သတ်မှတ်ချက်များနှင့်အညီ လည်ပတ်ဆောင်ရွက်ရန်။

(ဆ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပင်လယ်ရေနှင့်နုန်းအရည်အသွေးထိခိုက်မှုများအတွက် လျှော့ချမည့်နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) ယာဉ်ကြောပိတ်ဆို့မှုကိုသတိပေးရန်အတွက် အထောက်အကူပြုရေယာဉ်များကို အသုံးပြုရန်၊

(၃) ZPQ၊ WP နှင့်တွင်းတူးစက်များ၏ ပတ်ဝန်းကျင်မီတာ(၅၀၀)အကွာအဝေးတွင် ဘေးကင်းလုံခြုံရေးဇုန်ကိုသတ်မှတ်ရန်၊ ဘေးကင်းလုံခြုံရေးဇုန်သို့ ချဉ်းကပ်လာသော ငါးဖမ်းရေယာဉ်များနှင့် ကူးသန်းရောင်းဝယ်ရေးရေယာဉ်များအား စောင့်ကြည့်လေ့လာရန်နှင့် အထောက်အကူပြုရေယာဉ်များထားရှိရန်။

(ဇ) **သင်္ဘောသွားလာရေး/ရေလမ်းကြောင်းအသုံးပြုရေးနှင့်ငါးလုပ်ငန်းဆိုင်ရာ အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ခါတ်ငွေ့မတူးဖော်မီ ရက်(၃၀)အလိုတွင် ရေကြောင်းသွားလာရေးသတိပေးချက်အား ထုတ်ပြန်ဆောင်ရွက်ရန်နှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ပူးပေါင်းဆောင်ရွက်ရန်၊

(၂) ယာဉ်သွားလာမှုများကိုသတိပေးရန်အတွက် အကူသင်္ဘောများကိုအသုံးပြုရန်၊

(၃) ZPQ၊ WP နှင့်တွင်းတူးစက်အနီးတွင် မီတာ(၅၀၀)ရှိ ဘေးကင်းဇုန်ကို သတ်မှတ်ပြီး ငါးဖမ်းခြင်းကိုစောင့်ကြည့်ရန်နှင့် ဘေးကင်းဇုန်သို့ချဉ်းကပ်လာသောသင်္ဘောများ တိုက်မိခြင်းကိုကာကွယ်ရန် အကူရေယာဉ်များအသုံးပြုရန်။

၄၂

(ဈ) <u>မမျှော်လင့်ထားသော ဖြစ်စဉ်ဖြစ်ရပ်များဆိုင်ရာ သက်ရောက်မှုလျှော့ချရေး အစီအစဉ်။</u> မမျှော်လင့်ထားသောဖြစ်စဉ်ဖြစ်ရပ်များ လျှော့ချရေးအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) PTTEP ၏ Safe, Security, Health and Environment (SSHE) Management System အတိုင်းဆောင်ရွက်ရန်၊

(၂) စီမံကိန်းမစတင်မီရက်(၃၀)အလိုတွင် ရေကြောင်းသွားလာရေးသတိပေးချက် (Notice to Mariners ) အားထုတ်ပြန်သွားရန်၊

(၃) အကူရေယာဉ်များအသုံးပြု၍ လမ်းကြောင်းရှင်းလင်းခြင်း၊ ရေယာဉ်များတွင် သင့်တော်သောမီးဆလိုက်များနှင့် သတိပေးအချက်ပြကိရိယာများ တပ်ဆင်ခြင်းတို့အားဆောင်ရွက်သွားရန်၊

(၄) တန်ချိန်(၄၀၀) ထက်ကြီးသောရေယာဉ်တိုင်းတွင် လောင်စာဆီသိုလှောင်မှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် စွန့်ပစ်မှုတို့ကို MARPOL 73/78နှင့်အညီလိုက်နာဆောင်ရွက်ရန်၊

(၅) အပြည်ပြည်ဆိုင်ရာပင်လယ်ရေကြောင်းသွားလာရေးအဖွဲ့အစည်း (International Marine Organization - IMO) ၏လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများနှင့်အညီလိုက်နာဆောင်ရွက်ရန်၊

(၆) ဓာတုပစ္စည်းများကို ၎င်းတို့၏သဘောသဘာဝအလိုက် ခွဲခြားသိုလှောင်ရန်၊

(၇) ချောဆီများ၊ လောင်စာဆီများ၊ သုတ်ဆေးများနှင့် အခြားဓာတုပစ္စည်းများကို လိုအပ်သလောက်သာသိုလှောင်ရန်၊

(၈) ဆီနှင့်ဓာတုပစ္စည်းများယိုဖိတ်မှုကိုကာကွယ်ရန် စုပ်ခွက်များ၊ ဘန်းများတပ်ဆင်ဆောင်ရွက်ရန်၊ ယိုဖိတ်ဆီနှင့်ဓာတုပစ္စည်းများကို Sealed Container များအတွင်း စုဆောင်ခြင်းတို့ကိုဆောင်ရွက်ရန်၊

(၉) လောင်စာဆီ၊ ဆီနှင့်ဓာတုပစ္စည်းများသိုလှောင်ရေးတွင် အသုံးပြုသောကိရိယာများ၏ စိမ့်ထွက်မှု၊ ထိခိုက်မှုများနှင့် ကြိုတင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပုံမှန်စစ်ဆေးမှုပြုလုပ်ရန်၊

(၁၀) အရေးပေါ်တုံ့ပြန်ရေးနည်းလမ်းနှင့် အရေးပေါ်အပူပိုင်းမုန်တိုင်းသတိပေးချက်များအတိုင်း ကြိုတင်လေ့ကျင့်မှုများပြုလုပ်ရန်၊

(၁၁) ဖိတ်စင်မှုများကိုရှင်းလင်းဆောင်ရွက်ရန်အတွက် ပြန်လည်သန့်စင်မည့်ပစ္စည်းကိရိယာအစုံအလင်ထားရှိရန်၊

(၁၂) ဓာတုပစ္စည်းများအသုံးပြုမှုနှင့် လောင်စာဆီသယ်ယူခြင်းလုပ်ငန်းများတွင် သင့်လျော်သောထိန်းချုပ်ရေးကိရိယာများ တပ်ဆင်ခြင်း၊ စစ်ဆေးခြင်းများကို လုပ်ငန်းမလည်ပတ်မီ အချိန်တိုင်းဆောင်ရွက်ရန်။

(ည) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ PTTEP ၏ Safe, Security, Health and Environment (SSHE) Management System အတိုင်းဆောင်ရွက်ရမည်။

(ဋ) အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကမ်းဝေးနေရာအဆောက်အအုံများတွင် အချက်ပေးစနစ်များ၊ မီးသတ်ဆေးဘူးများနှင့် မီးသတ်ပစ္စည်းကိရိယာများထားရှိရန်၊

(၂) မီးသတ်ပစ္စည်းကိရိယာများကို အချိန်မရွေးအသုံးပြုနိုင်ရန်အတွက် ပုံမှန်စစ်ဆေးဆောင်ရွက်ရန်၊

(၃) အရေးပေါ်ပေါက်ကွဲမှုနှင့်မီးဘေးကာကွယ်ရေးတို့အတွက် Emergency and Crisis Management Plan ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဌ) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ရာ ရေနံစင်နှင့်တွင်းတူးစက်တို့၌ စွန့်ပစ်ဓာတ်ငွေ့မီးရှို့သည့်ပမာဏ၊ လောင်စာဆီဓာတ်ငွေ့ပမာဏ၊ ဒီဇယ်သုံးစွဲမှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှု၊ စွန့်ပစ်ဓာတ်ငွေ့များ၊ ဒီဇယ်ဆီများနှင့်လောင်စာဆီများလောင်ကျွမ်းခြင်းကြောင့် ထွက်ရှိလာသောနိုက်ထရိုဂျင်အောက်ဆိုဒ်၊ ဆိုဒီယမ်အောက်ဆိုဒ်၊ အငွေ့ပျံလွယ်သောအော်ဂဲနစ်ကွန်ပေါင်းများ (VOCs) နှင့် အမှုန်များ (TSP) ကိုလစဉ်စောင့်ကြည့်တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံနှင့်စပ်လျဉ်း၍ ထုပ်လုပ်ရေးစင်နှင့် Wellhead Platform တို့တွင်ဆူညံသံပမာဏနှင့်ဆူညံသံအဆင့်တို့ကို နှစ်စဉ်စောင့်ကြည့်တိုင်းတာခြင်းဆောင်ရွက်ရန်၊

(၃) ပင်လယ်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ ရေအနက်၊ ကြည်လင်မှု၊ pH၊ နောက်ကျိမှု၊ အောက်ဆီဂျင်ပျော်ဝင်မှု၊ ရေတွင်မပျော်ဝင်နိုင်သောအစိုင်အခဲများ၊ ဆီနှင့်ချောဆီ၊ Total Heavy Metals နှင့် Total Petroleum Hydrocarbons တို့ကို လုပ်ငန်းဆောင်ရွက်ရာထုတ်လုပ်ရေးစင်တွင် (၃)နှစ်တစ်ကြိမ်စောင့်ကြည့်တိုင်းတာရန်၊

(၄) အနည်အနှစ်အရည်အသွေးနှင့်စပ်လျဉ်း၍ ထုပ်လုပ်ရေးစင်နှင့် Wellhead Platform တို့တွင် Total Heavy Metals နှင့် Total Petroleum Hydrocarbons တို့ကို (၃)နှစ်တစ်ကြိမ်စောင့်ကြည့်တိုင်းတာရန်၊

(၅) Produced Water နှင့်စပ်လျဉ်း၍ ဆီနှင့်ချောဆီပါဝင်မှုပမာဏကို လစဉ်စောင့်ကြည့် တိုင်းတာရန်၊

(၆) Produced Sand နှင့်စပ်လျဉ်း၍ ဆီပါဝင်မှုရာခိုင်နှုန်းပမာဏကို လစဉ်စောင့်ကြည့် တိုင်းတာရန်၊

(၇) Mud and Cuttings နှင့်စပ်လျဉ်း၍ တွင်းတူးကျစ်စာများတွင် ဆီပါဝင်မှုရာခိုင်နှုန်း၊ Total Mercury dry weight in stock barite ၊ Cadmium dry weight in stock barite နှင့် Chloride ပါဝင်မှုတို့ကို (၆)လတစ်ကြိမ်စောင့်ကြည့် တိုင်းတာရန်၊

(၈) Sewage နှင့်စပ်လျဉ်း၍ Thermotolerant Coliforms၊ Biochemical Oxygen Demand (BOD)၊ Chemical Oxygen Demand (COD) နှင့် pH တို့ကို (၆) လ တစ်ကြိမ်စောင့်ကြည့်တိုင်းတာရန်။

(ဍ) <u>တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ</u>။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန် ယူဆောင်ရွက်မည့်အဖွဲ့အစည်းအား အစီရင်ခံစာ၌ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်း ဆောင်ရွက်ရမည်။

(ဎ) <u>အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း</u>။ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေး ခြင်းကို ခမင်းဆိပ်ကျေးရွာ၊ ကန်ဘောက်ကျေးရွာ၊ ရေဖြူမြို့နယ်နှင့် ထားဝယ်မြို့နယ် တို့တွင်ဆက်လက်ဆောင်ရွက်ရန်နှင့် စီမံကိန်းနှင့်ပတ်သက်သည့်သတင်းအချက်အလက် များကို ကုမ္ပဏီ၏ Webstie တွင်ထုတ်ပြန်သွားရမည်။

(ဏ) <u>လျာထားအသုံးစရိတ်</u>။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်းဆောင်ရွက်ရန်နှင့် လိုလောက် မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ (၁) သန်း လျာထားသုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ (၁) သိန်း၊ ပင်လယ်ရေအရည်အသွေးနှင့်နုန်းအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအတွက် သုံးနှစ်လျှင် အမေရိကန်ဒေါ်လာ (၅) သိန်း လျာထားသုံးစွဲရန်၊

(၃) ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် CSR အား ဒေါ်လာ (၅) သိန်းမှ (၆)သိန်း လျာထားသုံးစွဲရန်။

(တ) <u>လုပ်ငန်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။</u> လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ လည်ပတ်ရေးသက်တမ်းကုန်ဆုံးသည့်အခါ လက်ခံထားသောပတ်ဝန်းကျင်ဆိုင်ရာ အလေ့အထများ၊ စက်မှုစံနှုန်းများနှင့်အညီဆောင်ရွက်ရန်နှင့် Decommissioning လုပ်ငန်းများမစတင်မီ Detailed Decommissioning Plan အားရေးဆွဲ၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းထံမှ အတည်ပြုချက်ရယူသွားရမည်။

<u>ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ</u>

၉။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၈) တွင်ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) <u>မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။</u> အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာပင်မလုပ်ငန်းစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကိုဆောင်ရွက်ပေးသူကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်ရန်၊

(၂) အစီရင်ခံစာတွင်ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝလိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး

နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ကုမ္ပဏီ၏မူဝါဒများ၊ စီမံကိန်းနှင့်သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ စွန့်ပစ်ရေ၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်များနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) စွန့်ထုတ်အရည်နှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်။

(ခ) <u>**စံချိန်စံညွှန်းစည်းကမ်းချက်များ။**</u> စံချိန်စံညွှန်းစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှအများဆုံးမြင့်တက်မှု ၃dBAထက်မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် (၂.၁.၅)ပါ Parameter များအားတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှစွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့်သက်ဆိုင်သော အခြားသက်ဆိုင်ရာမူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းလည်ပတ်မှုကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှုကာကွယ်ရေးနှင့် စပ်လျဉ်း၍ MARPOL Annex I, Annex IV, Annex V နှင့် Annex VI သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရန်၊

(၆) တွင်းတူးရည်များစွန့်ပစ်ခြင်း၊ တွင်းတူးဖြတ်စများစွန့်ပစ်ခြင်း၊ ဓာတုပစ္စည်းများ အပါအဝင် အခြားအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း (အရည်၊ အစိုင်အခဲ)၊ အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် အစီရင်ခံစာတွင်ဖော်ပြထားသော စီမံချက်စံနှုန်းများနှင့်အညီ အတိအကျလိုက်နာဆောင်ရွက်ရန်၊

(၇) Mud PID များ ဆေးကြောရာမှထွက်ရှိသောစွန့်ပစ်ရည်များတွင် ဆီပါဝင်မှုနှုန်း ၁% အား ပုံမှန်စောင့်ကြည့်စစ်ဆေးမှု (Regular Monitoring) ပြုလုပ်ရန်၊

(၈) Chemical Management Plan ကို IFC Environmental, Health and Safety Guidelines for Oil and Gas Development,2015 ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၉) International Finance Corporation (IFC) မှ ထုတ်ပြန်ထားသည့် (i) IFC Performance Standards on Environmental and Social Sustainability, January 2012, International Finance Operation, Work Bank Group, (ii) Environmental , Health and Safety (EHS) Guidelines, General EHS Guidelines: Introduction, April 2007, International Finance Corporation, (iii) Work Bank Group ၏ Environmental Health and Safety (EHS) General Guidelines (2007); (iv) WBG EHS Guidelines for Onshore Oil and Gas Development (2007); ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၁၀) Drilling Muds နှင့် Chemicals များအသုံးပြုခြင်းအတွက် National Environmental Quality Emission Guidelines (EQEG) and IFC EHS Gudelines for Offshore Oil and Gas Developments (2015)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊

(၁၁) IFC EHS Guidelines for Offshore Oil and Gas Development (2015) တွင် ဖော်ပြထားသောအဆိုပြုစီမံကိန်းနှင့်သက်ဆိုင်သည့် Guideline Requirements များကို လိုက်နာဆောင်ရွက်ရန်၊

(၁၂) Stock Bite များတွင်ပါဝင်သည့် Mercury နှင့် Cadmiumတို့အား IFC သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၁၃) တွင်းတူးခြင်းနှင့် ဆက်စပ်ရေယာဉ်များအားလုံးအား IMO နှင့် DMAတို့၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(၁၄) Disposal of Cuttings and Fluids Plan နှင့် ခန့်မှန်းထွက်ရှိနိုင်သော အခြားအမှိုက်ပမာဏ၊ အမှိုက်အမျိုးအစား အစရှိသည်တို့ပါဝင်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၁၅) ရေနံယိုဖိတ်မှုတုန့်ပြန်ဆောင်ရွက်ရေးနှင့် သက်ဆိုင်သည့် Shipboard Oil Pollution Emergency Plan (SPOEP)နှင့် ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းတူးစင်များနှင့်ဆက်စပ်၍ ဖြစ်ပွားလာနိုင်သည့် ရေနံယိုဖိတ်မှုအားလုံးထည့်သွင်းတွက်ချက်ရေးဆွဲပြင်ဆင်ထားသော Oil Pollution Emergency Plan (OPEP) ကိုဆောင်ရွက်ထားရှိရန်၊

(၁၆) တွင်းတူးခြင်းလုပ်ငန်းနှင့် ဆက်စပ်ရေယာဉ်များအားလုံးသည်-

(က) IMO Ballast Water Requirement ကို လိုက်နာဆောင်ရွက်ရန်၊

(ခ) Waste Management Plan, Drill Cuttiong and Fluids Management Plan နှင့် Oil Pollution Prevention Plan အား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) အခြားလိုက်နာရန်ရှိသော IMO and DMA Requirement များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ သတ်မှတ်ထားသည့်အချိန်၌ သက်ဆိုင်ရာ Monitoring Report အားတင်ပြရန်။

(၁၇) တွင်းတူးသင်္ဘော၊ တွင်းတူးခြင်းလုပ်ငန်းနှင့်ဆက်စပ်သော ဟယ်လီကော်ပတာများတွင်လိုအပ်သော International Certificates, Management Plan များအား ပြည့်စုံစွာထားရှိရန်၊

(၁၈) အဆိပ်အတောက်နည်းသော Group (III) Synthetic Organic Based Fluids ကိုသာအသုံးပြုရန်။

(ဂ) <u>ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ</u>။ ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ပင်လယ်အတွင်းရှိ ကာကွယ်ထိန်းသိမ်းထားသော ပင်လယ်သတ္တဝါများအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်းမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) IUCN 2015 Red List စာရင်းဝင် မြန်မာ့အဏ္ဏဝါရေသတ္တဝါများနှင့် မြန်မာ့အဏ္ဏဝါသယံဇာတများအား ထိခိုက်ခြင်းမရှိစေရန် အလေးပေးဆောင်ရွက်ရန်၊

(၃) စီမံကိန်းနှင့်သက်ဆိုင်သောဒေသများတွင် Grievance Mechanism နှင့် ပတ်သက်သောသတင်းအချက်အလက်များအား ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခြင်း၊ ရှင်းလင်းတင်ပြခြင်း၊ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် Future Engagement Activities and Disclosure, Social Responsibility, CSR activities, Grievance Mechanism များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) Marine Biodiversity Management Plan, Marine Invasive Management Plan, Ballast Water Management Plan and Biofouling Management Plan များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) <u>ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစည်းကမ်းချက်များ။</u>

ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့်ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့်ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာကမ္ဘာ့အလိုက်သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) Occupational Health and Safety Management Plan ကိုရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(င) <u>ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပင်လယ်ရေ အရည်အသွေးအား ညစ်ညမ်းမှု မရှိစေရန် ဆောင်ရွက်ရမည့် စည်းကမ်းချက်များ။</u>

ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အလေးထားလိုက်နာဆောင်ရွက်ရမည်-

(၁) Mud PID များ ဆေးကြောရာမှထွက်ရှိသောစွန့်ပစ်ရည်များတွင် ဆီပါဝင်မှုနှုန်း ၁% အား ပုံမှန်စောင့်ကြည့်စစ်ဆေးမှု (Regular Monitoring) ပြုလုပ်ရန်၊

ဍ၁

(၂) စီမံကိန်းလည်ပတ်မှုကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှုကာကွယ်ရေးနှင့် စပ်လျဉ်း၍ MARPOL Annex I, Annex IV, Annex V နှင့် Annex VI သတ်မှတ်ချက်များအားလိုက်နာဆောင်ရွက်ရန်၊

(၃) Oil Spill Contingency Plan များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) <u>ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ</u>။ စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၄) စီမံကိန်းအနီးပတ်ဝန်းကျင်ရေိယာအတွင်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအတွက်ပံ့ပိုးဆောင်ရွက်မည့် Community Development Plan နှင့် လူမှုရေးဆိုင်ရာပူးပေါင်းတာဝန်ယူမှုအစီအစဉ်(Corporate Social Responsibility- CSR) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) ဒေသခံပြည်သူများ (Stakeholders) နှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့်လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်နှင့် Livelihood Restoration Plan ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဆ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တစ်ဖက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ (သို့မဟုတ်) နည်းစနစ်များမှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း (သို့မဟုတ်) အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သောမတော်တဆမှုတစ်ခုဖြစ်ပွားခြင်း (သို့မဟုတ်) ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကိုကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသောဆိုးကျိုး သက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု (သို့မဟုတ်) အခြားလုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုဖြစ်လာနိုင်သည့်အကြောင်းကိစ္စရပ် (သို့မဟုတ်) ဝန်ကြီးဌာနကအမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကိုစတင်သိရှိသည့်အချိန်မှ(၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သောဆိုးကျိုးသက်ရောက်မှုကြောင့်ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း (သို့မဟုတ်) ညစ်ညမ်းမှုတားဆီးရန် (သို့မဟုတ်) လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း (သို့မဟုတ်) တိုးချဲ့ခြင်း (သို့မဟုတ်) ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသောအချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သောဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့်လည်း

ကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ပြန်လည်တင်ပြရန်၊

(၈) မြန်မာဘာသာပြန်ထားသော EIA အစီရင်ခံစာအကျဉ်းချုပ်အား စီမံကိန်းတည်ရှိရာနေရာနှင့်နီးစပ်သည့် မြို့နှင့်ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများသို့ ဖြန့်ဝေဆောင်ရွက်သွားရန်၊

(၉) အငြင်းပွားမှုများ၊ မကျေနပ်မှုများဖြေရှင်းရေးအတွက် Grievance Mechanism ကိုတည်ထောင်၍ အဆိုပါ Grievance Mechanism ဆိုင်ရာ အချက်အလက်များ၊ တာဝန်ယူဖြေရှင်းမည့် ပုဂ္ဂိုလ်၏အမည်နှင့်ဖုန်းနံပါတ်၊ ဆက်သွယ်ပေးပို့ရမည့် လိပ်စာစသည်တို့ကို စီမံကိန်းတည်ရှိရာနေရာနှင့်နီးစပ်သည့် မြို့နှင့်ကျေးရွာများရှိအုပ်ချုပ်ရေးမှူးရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများသို့ဖြန့်ဝေဆောင်ရွက်သွားရန်၊

(၁၀) **စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များပြည့်စုံစွာပါဝင်တင်ပြရမည်-**

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်းသက်သေခံစာရွက်စာတမ်းအထောက်အထားများတင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့်အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှုတို့ကိုတင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသောအခက်အခဲများ၊ ယင်းအခက်အခဲများကိုကုစားရန် အကြံပြုချက်များနှင့်အလားတူအခက်အခဲများ၊ အနာဂတ်တွင်တွေ့ကြုံရနိုင်မှုကိုတားဆီးကာကွယ်ရန် (သို့မဟုတ်) ရှောင်လွှဲရန်အဆိုပြုသည့် ဆောင်ရွက်မှုများကိုတင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုလိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့်ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့်အချိန်သတ်မှတ်ချက်များကို တင်ပြရန်၊

ဒ/

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ဖြစ်ပွားသောမတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကိုတင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့်(သို့မဟုတ်) အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုများကို တင်ပြရန်။

(၁၁) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECC နှင့်အညီဆောင်ရွက်ခဲ့ကြောင်းအထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့တင်ပြရန်။

(ဇ) <u>ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ</u>။

စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့်အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့အကြောင်းကြားရမည်။

(ဈ) <u>လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ</u>။ လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများအား လက်ရှိ (သို့မဟုတ်) စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင်သက်ဆိုင်ရာဒေသရှိဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

(Township Development Plans) များနှင့်ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့်လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ည) <u>အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ</u>။ စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့်ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ဋ) <u>စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ</u>။ စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကိုလက်တွေ့စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါကတိကဝတ်များကိုလိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်နှင့် ရရှိသောရလဒ်များကိုမှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင်နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations) စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့်ဆန်းစစ်

လေ့လာမှုများစသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများ ရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် (သို့မဟုတ်) ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူ ထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကိုထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ်တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့်ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့်ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက်(၁၀)ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့်သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ (သို့မဟုတ်) စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့်စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား

ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသတ်မှတ်ချက်များအားချိုးဖောက်သည် (သို့မဟုတ်) ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနကသတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျီတယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကိုမိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကိုတွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့်ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက်ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်၊

(၁၀) Well Site Manager နှင့် Drilling and Completions Environment Adviser တို့ပူးပေါင်းဆောင်ရွက်ထားသော Audit/Inspect Compliance နှင့်ပတ်သက်သော Audit Compliance Report အား စောင့်ကြပ်ကြည့်ရှု ခြင်းအစီရင်ခံစာနှင့် အတူပူးတွဲတင်ပြရန်၊

(၁၁) သင့်တော်သော Common and Edible Marine Living Resources များတွင် contents of Arsenic, Copper, Lead, Zinc, Chromium, Nickel, Aluminum, Barium, Cadmium, Mercury, Vanadium, Iron and Manganese, Total Petroleum Hydrocarbons, etc. အား တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုခြင်းအစီရင်ခံစာတွင်ဖော်ပြရန်။

(၄) **<u>ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ</u>**။ ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

<u>သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ</u>

၁၀။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆)လကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကိုအကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန်အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနကအချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း (သို့မဟုတ်) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့်အမှန်တကယ်ထိခိုက်မှု (သို့မဟုတ်) ထိခိုက်နိုင်မှုများကို လျှော့ချရန်ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း (သို့မဟုတ်) လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း (သို့မဟုတ်) ဖြစ်စေနိုင်ကြောင်း (သို့မဟုတ်) ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင်စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့်လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ထားသောနည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကိုလျှော့ချရာတွင် မလိုအပ်တော့ဟုဆုံးဖြတ်နိုင်ခြင်း။

<u>ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။</u>

၁၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုလိုက်နာ ဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက်ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှအကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင်ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏

ဦး/

အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနကသတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှငွေကြေး ထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါကထည့်ဝင်ရန်။

<u>အထွေထွေစည်းကမ်းချက်များ</u>

၁၂။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့်စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီး ဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၃။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာသက်ဆိုင်စေရမည်။

၁၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာလိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်း ညွှန်ချက်များနှင့်အညီဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွက်စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်းအထောက်အထားများအားလုံးကိုတင်ပြရမည်။

၁၅။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် (သို့မဟုတ်) ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ခွင့်ပြုချက်ရရှိပြီးမှသာလွှဲပြောင်းရမည်။

၁၆။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန်ခန့်ထားခြင်း (သို့မဟုတ်) ငှားရမ်းခြင်း (သို့မဟုတ်) အခွင့်အာဏာပေးခြင်းပြုထားသည့်ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် (သို့မဟုတ်) အတိုင်ပင်ခံများ၏ ပြုလုပ်မှု (သို့မဟုတ်) ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့်ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက်တာဝန်ရှိသည်။

၁၇။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကိုလိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူခြင်းခံရမည်။

၁၈။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည့်အပြင် စီမံကိန်းဆောင်ရွက်ပေးသည့် ကန်ထရိုက်တာနှင့်လက်တွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက်လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

၂၂